# ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးဝန်ကြီးဌာနဒေသန္တရ (အုပ်ချုပ်ရေး) ဌာနခွဲ

# (မော်လမြိုင်မြို့၊ ကုလားတန်းစူရတီဈေး အုပ်ချုပ်ရေးအဖွဲ့နည်းဥပဒေများ)

**အမှတ် ၇၈**

**ရန်ကုန်မြို့၊ ၁၃၁၅ ခု၊ နှောင်းတန်းခူးလဆန်း ၇ ရက်။**

**( ၁၉၅၄ ခု၊ ဧပြီလ ၁၀ ရက်။)**

အမှတ် ၇၈။ ။ ၁၉၅၃ ခုနှစ်၊ မော်လမြိုင်မြို့၊ ကုလားတန်းစူရတီဈေးကို မြူနီစီပါယ်ပိုင်ပြု လုပ်ခြင်း အက်ဥပဒေ ပုဒ်မ ၉ ဖြင့် အပ်နှင်းသည့်အာဏာများကို သုံးစွဲလျက်၊ နိုင်ငံတော် သမတသည်၊ ဤဝန်ကြီးဌာန၏၊ ၁၉၅၄ ခု၊ ဇန္နဝါရီလ ၂၃ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၃ ကိုပယ်ဖျက်ပြီး၊ အောက်ပါနည်းဥပဒေများကို ပြဋ္ဌာန်းလိုက်သည်။

## မော်လမြိုင်မြို့၊ ကုလားတန်းစူရတီဈေး အုပ်ချုပ်ရေးအဖွဲ့နည်းဥပဒေများ

၁။ ။ (က) ဤနည်းဥပဒေများကို၊ **မော်လမြိုင်မြို့၊ ကုလားတန်းစူရတီဈေးအုပ်ချုပ်ရေးအဖွဲ့ နည်းဥပဒေ** များဟုခေါ်ရမည်။

(ခ) ဤနည်းဥပဒေများသည်၊ ၁၉၅၄ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၁ ရက်နေ့တွင် စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။ ဤနည်းဥပဒေများတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်-

(က) **"အဖွဲ့"**ဆိုသည်မှာ၊ ၁၉၅၃ ခုနှစ်၊ မော်လမြိုင်မြို့၊ ကုလားတန်းစူရတီဈေးကို မြူနီစီပါယ်ပိုင် ပြုလုပ်ခြင်း အက်ဥပဒေ ပုဒ်မ ၄(၁) အရ၊ ခန့်ထားသည့် ဈေးအုပ်ချုပ်ရေးအဖွဲ့ကိုဆိုလိုသည်။

(ခ) **"ဥက္ကဋ္ဌ"**ဆိုသည်မှာ အဖွဲ့၏ ဥက္ကဋ္ဌကိုဆိုလိုသည်။

(ဂ) **"ကုလားတန်းစူရတီဈေး"**ဆိုသည်မှာ မော်လမြိုင်မြို့ ရှိကုလားတန်းစူရတီဈေး (ဈေးကြီး) ကိုဆို လိုသည်။

၃။ ။ အဖွဲ့တွင် နိုင်ငံတော် သမတ ကခန့်သည့် ဥက္ကဋ္ဌ တဦးနှင့် အခြားအဖွဲ့ဝင်လူကြီးအနည်းဆုံး ငါးဦးပါဝင်ရမည်။ နိုင်ငံတော်သမတသည်၊ ကုလားတန်း စူရတီဈေးအတွက် အုပ်ချုပ်ရေးအရာရှိချုပ် တဦးကိုခန့်ရမည့်ပြင်၊ ထိုအုပ်ချုပ်ရေး အရာရှိချုပ်အား အလုပ်ဝတ္တရားများဆောင်ရွက်ရာတွင် ကူညီရန် လိုမည်ဟုထင်မြင်သည့် ဒုတိယအုပ်ချုပ်ရေး အရာရှိချုပ်များနှင့် လက်ထောက်အုပ်ချုပ်ရေး အရာရှိချုပ် များကိုလည်းခန့်နိုင်သည်။ အုပ်ချုပ်ရေးအရာရှိချုပ်သည်၊ အဖွဲ့၏အတွင်းရေးမှူးအဖြစ်ဖြင့် လည်း ဆောင်ရွက်ရမည်။

၄။ ။ အဖွဲ့ဝင်လူကြီးများ၏ ရာထူးသက်တမ်းမှာ သုံးနှစ်ကာလအပိုင်းအခြားဖြစ်စေ၊ ကုလားတန်း စူရတီဈေးကို မော်လမြိုင်မြို့မြူနီစီပါယ်ကော်မီတီသို့ လွှဲအပ်သည့်နေ့အထိဖြစ်စေ ထိုကာလအပိုင်းအ ခြားနှစ်ခု အနက် နည်းရာကာလအပိုင်းအခြားဖြစ်ရမည်။

၅။ ။ အဖွဲ့ဝင်လူကြီးများအား၊ နိုင်ငံတော် သမတ ကပြဋ္ဌာန်းသည့် အခကြေးငွေများ၊ သို့တည်းမဟုတ် စရိတ်များပေးရမည်။

၆။ ။ အဖွဲ့တွင်နေရာလစ်လပ်သည် ဟူသောအကြောင်းကြောင့်ဖြစ်စေ၊ အဖွဲ့ဝင်လူကြီး တဦးတရောက် ခန့်ထားရာ၌ ချို့ယွင်းချက်ရှိသည်ဟူသော အကြောင်းကြောင့်ဖြစ်စေ အဖွဲ့ဆိုင်ရာ ဆောင်ရွက်ချက်များ သည် ပျက်ပြယ်ခြင်းမရှိစေရ။

Myanmar Law Information System (MLIS)

၇။ ။ အဖွဲ့သည်အုပ်ချုပ်မှုဆိုင်ရာ အာဏာများနှင့် အလုပ်ဝတ္တရားများကို အုပ်ချုပ်ရေးအရာရှိချုပ်မှ တဆင့် သုံးစွဲဆောင်ရွက်ရမည်။အုပ်ချုပ်ရေးအရာရှိချုပ်သည် မိမိ၏အလုပ်ဝတ္တရားများကို ဆောင်ရွက် ရာတွင် အဖွဲ့က နိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့် ပြဋ္ဌာန်းထားသည့်မူများနှင့်အညီ ဆောင်ရွက် ရမည့်အပြင် ဈေးအုပ်ချုပ်မှုနှင့်စပ်လျဉ်း၍ အဖွဲ့ကထိုမူနှင့်အညီ ညွှန်ကြားသည့်အတိုင်း လိုက်နာ ဆောင်ရွက်ရမည်။

၈။ ။ အဖွဲ့သည် အလုပ်ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ တလလျှင်အနည်းဆုံးတကြိမ် အစည်း အဝေးကျင်းပရမည်။ ဥက္ကဋ္ဌသည် အစည်းအဝေးတိုင်း၌ သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ သို့သော် ဥက္ကဋ္ဌ မတက်ရောက်နိုင်သည့်အစည်းအဝေးတွင် တက်ရောက်သော အဖွဲ့ဝင်လူကြီးများအနက် အဖွဲ့ဝင် လူကြီးတဦးကို အစည်းအဝေး၏ သဘာပတိအဖြစ်ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ရမည်။

၉။ ။ အဖွဲ့က ဆောင်ရွက်ရမည့်အမှုကိစ္စအားလုံးကို အစည်းအဝေးတက်ရောက်သော အဖွဲ့ဝင်လူကြီး အား လုံး တညီတညွတ်တည်းသဘောတူမှ ဆောင်ရွက်ရမည်။ အဖွဲ့၏ဆုံးဖြတ်ချက်သည် အစည်းအဝေး တက်ရောက်သော အဖွဲ့ဝင်လူကြီးအားလုံး တညီတညွတ်တည်း သဘောတူမှအတည်ဖြစ်ရမည်။ သို့ရာတွင် မည်သည့် အစည်းအဝေးတွင် မဆိုသဘောကွဲလွဲချက်ရှိ လျှင် ထိုသဘောကွဲလွဲချက်ကို နိုင်ငံတော် သမတ ထံအမိန့်ချမှတ်ရန်တင်သွင်းရမည်။

၁၀။ ။ အဖွဲ့အစည်းအဝေးသို့ အဖွဲ့ဝင်လူကြီးအနည်းဆုံးလေးဦး တက်ရောက်လျှင် အစည်းအဝေးအ ထမြောက်ရမည်။

၁၁။ ။ အဖွဲ့၏ အစည်းအဝေးအစီအစဉ်နှင့်ဆောင်ရွက်မှု မှတ်တမ်းမိတ္တူများကို နိုင်ငံတော် သမတထံ ပေးပို့ရမည်။

၁၂။ ။ အဖွဲ့သည်အဖွဲ့ဝင်နှစ်ဦးဖြစ်စေ၊ နှစ်ဦးထက်ပို၍ ဖြစ်စေပါဝင်သည့် အဖွဲ့ငယ်များကိုခန့်ထား၍ ထို အဖွဲ့ငယ်များအား ဤနည်းဥပဒေပါ ကိစ္စများဆောင်ရွက်ရန် အလို့ငှါ လိုအပ်သည်ဟုထင်မြင်သည့် မိမိ၏ တာဝန်ဝတ္တရားများနှင့် အာဏာများကိုလွှဲအပ်နိုင်သည်။

၁၃။ ။ အောက်ပါကိစ္စအားလုံးနှင့်၊ သို့တည်းမဟုတ် တရပ်ရပ်နှင့် စပ်လျဉ်း၍ အဖွဲ့သည်၊ နိုင်ငံတော် သမတ၏သဘောတူညီချက်နှင့် အတည်ပြုချက်အရ၊ ဤနည်းဥပဒေများနှင့် မဆန့်ကျင်သော စည်းကမ်း ဥပဒေများကို ပြုလုပ်နိုင်သည်။

(က) အဖွဲ့၏လုပ်ငန်းဆောင်ရွက်မှုနှင့် အဖွဲ့အစည်းအဝေးများတွင် လိုက်နာရန်နည်းလမ်း။

(ခ) မြူနီစီပါယ်အက်ဥပဒေ ပုဒ်မ ၁၃၄ (၄) အရ၊ ပြဋ္ဌာန်းထားသော မြူနီစီပါယ်ဈေးစည်းကမ်း ဥပဒေများပါကိစ္စများ။

(ဂ) အဖွဲ့၏ ရာထမ်း မှုထမ်းများအကျိုးငှါ အဖွဲ့ကသင့်လျော်သည် ထင်မြင်သည့် အိုနာစာ ရံပုံငွေ ထားရှိခြင်း။

(ဃ) ပဋိညာဉ်စာချုပ်များနှင့် အခြားစာချုပ် စာတမ်းများ ကို အဖွဲ့ကိုယ်စားလက်မှတ်ရေးထိုးခြင်း။

၁၄။ ။ အဖွဲ့သည် မိမိ၏တာဝန် ဝတ္တရားများ၊ အာဏာများနှင့် အလုပ်ဝတ္တရားများကို ကျေပွန်စွာ သုံးစွဲ ဆောင်ရွက်နိုင်ရန် အလို့ငှါ လိုအပ်သောရာထမ်းမှုထမ်းများကို အုပ်ချုပ်ရေးအရာရှိချုပ်၏ ထောက်ခံ ချက်အတိုင်း နိုင်ငံတော် သမတ ၏သဘောတူညီချက်ဖြင့် ခန့်နိုင်သည်။

၁၅။ ။ အဖွဲ့၏ရာထမ်း မှုထမ်းများအတွက် လစာများ၊ စရိတ်များနှင့် အမှုထမ်းစည်းကမ်းများကို နိုင်ငံတော် သမတ ၏သဘောတူညီချက်ဖြင့် အဖွဲ့ကသတ်မှတ်ရမည်။

၁၆။ ။ အဖွဲ့၏ ရာထမ်းမှုထမ်းများ၏ တာဝန်ဝတ္တရားများကို အဖွဲ့ကပြဋ္ဌာန်းရမည်။

Myanmar Law Information System (MLIS)

၁၇။ ။ အဖွဲ့သည် မိမိ၏လုပ်ကိုင်ဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့်သုံးလတကြိမ် အစီရင်ခံစာကို၊ နိုင်ငံ တော်သမတ ထံတွင်တင်သွင်းရမည်။ ထို့ပြင်အုပ်ချုပ်ရေးအရာရှိချုပ်သည် ကုလားတန်းစုရတီဈေး အုပ်ချုပ်မှု နှင့်စပ်လျဉ်းသည့် လစဉ်အစီရင်ခံစာကို အဖွဲ့မှတဆင့် နိုင်ငံတော်သမတ ထံတင်သွင်းရမည်။

၁၈။ ။ (၁) အဖွဲ့သည် ကုလားတန်းစုရတီဈေး အုပ်ချုပ်ရေးအဖွဲ့ရံပုံငွေဟုခေါ်တွင် ရမည့်ရံပုံငွေကိုထား ရှိရမည့်ပြင် အဖွဲ့က ရရှိသည့် ငွေအားလုံးကို လည်းထိုရံပုံငွေသို့ ထည့်သွင်းရမည်။

(၂) အဖွဲ့အား မိမိအာဏာများနှင့် အလုပ်ဝတ္တရားများကို သုံးစွဲဆောင်ရွက်နိုင်ရန်အလို့ငှါ နိုင်ငံတော် သမတ သည် မိမိသင့်လျော်သည်ထင်မြင်သည့်ငွေများကို အဖွဲ့သို့ထုတ်ချေးနိုင်သည်။

၁၉။ ။ မည်သည့်ဘဏ္ဍာတော်နှစ်တွင်မဆို အဖွဲ့သည်အခွန်ငွေ စာရင်းဘက်မှ ရသောငွေများကို၊ အောက် ပါကိစ္စများအတွက်သုံးစွဲနိုင်သည်။

(က) အဖွဲ့၏ရာထမ်း မှုထမ်းများအကျိုးငှါ အဖွဲ့ကထားရှိသည့် အိုနာစာရံပုံငွေသို့သွင်းငွေ၊ ပေးငွေ၊ သို့ တည်းမဟုတ် ထောက်ပံ့ငွေများလည်းပါဝင်သောအဖွဲ့၏ရုံးဆိုင်ရာ ကုန်ကျငွေများကိုကျခံခြင်း။

(ခ) နိုင်ငံတော် သမတက အဖွဲ့အားထုတ်ချေးသည့် ငွေနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမတ သို့အတိုးပေး သည့် အနေဖြင့်၊ သို့တည်းမဟုတ် အရင်းပြန်ဆပ်သည့် အနေဖြင့် ငွေများပေးဆောင်ခြင်း။

(ဂ)ဈေးကိုပြုပြင်ထားရှိရန်၊ အသစ်ပြုလုပ်ရန်နှင့် တိုးတက်ကောင်းမွန်အောင်ပြုလုပ်ရန်အတွက်၊ ထိုက် သင့်သော စရိတ်များကိုကျခံခြင်း။

(ဃ) ထိုနှစ်အခွန်တော်ငွေမှ နိုင်ငံတော်သမတ ၏သဘောတူညီချက်ဖြင့် ကျခံသင့်သည့်အခြား အသုံး စရိတ်များကို ကျခံခြင်း။

၂၀။ ။ အဖွဲ့သည် လောလောဆယ် အသုံးမလိုသည့် မိမိ၏ငွေအားလုံးကို ကျိုက္ခမီခရိုင်ငွေ တိုက်၌အပ်နှံ ထားရမည်။

၂၁။ ။ အဖွဲ့သည် ဘဏ္ဍာတော်နှစ်အသီးသီးမကုန်ဆုံးမီ၊ နောက်လာမည့် ဘဏ္ဍာတော်နှစ်အတွက် မိမိ၏-

ရသုံးမှန်းခြေငွေစာရင်းကို၊ နိုင်ငံတော်သမတ ထံခွင့်ပြုချက်ရရန်တင်သွင်းရမည့်ပြင်၊ အဆိုပါမှန်းခြေ ငွေစာရင်းများကိုပြင်သည့် နောက်ထပ် မှန်းခြေငွေစာရင်းများကိုလည်းထိုနည်းအတူ အခါအား လျော်စွာ တင်သွင်းရမည်။

သို့သော် အဖွဲ့သည် မိမိစတင်လုပ်ကိုင်ရသည့်ပဌမနှစ်နှင့်စပ်လျဉ်း၍ အလုပ်စတင်လုပ်ကိုင်သည့်နေ့ရက်မှ ထိုဘဏ္ဍာတော်နှစ်ကုန်ဆုံးသည့် နေ့အထိ ကာလ အပိုင်းအခြားအတွက် မှန်းခြေငွေစာရင်းကို နိုင်ငံတော် သမတ ထံလျင်မြန်နိုင်သမျှလျင်မြန်စွာတင်သွင်းရမည်။

၂၂။ ။ နည်းဥပဒေ ၂၁ အရ ခွင့်ပြုထားသည့်မှန်းခြေငွေစာရင်းပါ ငွေထက်ပို၍ မည်သည့်အသုံးစရိတ်ကိုမှ အဖွဲ့ကကုန်ကျမခံရ။

၂၃။ ။ အဖွဲ့သည် မိမိ၏လစဉ် ငွေစာရင်းရှင်းတမ်းများကို နိုင်ငံတော် သမတ ထံတင်သွင်းရမည်။

၂၄။ ။ အဖွဲ့သည် မိမိလုပ်ကိုင်ဆောင်ရွက်မှုများနှင့် ဆိုင်သောငွေစာရင်းများကို နိုင်ငံတော်စာရင်း စစ်ချုပ်က ပြဋ္ဌာန်းသည့် ပုံစံအတိုင်း ထားရှိရမည်။

၂၅။ ။ အဖွဲ့၏ ငွေစာရင်းများကို နိုင်ငံတော် စာရင်းစစ်ချုပ်က ကြည့်ရှုစစ်ဆေးရမည့်ပြင်၊ နိုင်ငံတော် စာရင်းစစ်ချုပ်၏ အစီရင်ခံစာကို လည်း၊ နိုင်ငံတော်သမတ ထံတင်သွင်းရမည်။

Myanmar Law Information System (MLIS)

၂၆။ ။ ကုလားတန်းစုရုတီဈေးသည် မြူနီစီပါယ်ဈေး ဖြစ်ဘိသကဲ့သို့ မြူနီစီပါယ်အက်ဥပဒေ ပုဒ်မ ၁၃၄ (၄) အရ ပြဋ္ဌာန်းထားသောမော်လမြိုင်မြို့၊ မြူနီစီပါယ်ဈေးဆိုင်ရာ စည်းကမ်းဥပဒေများသည် အောက်ပါ ပြင်ဆင်ချက်များအတိုင်းထိုဈေးနှင့် ဖြစ်နိုင်သမျှ သက်ဆိုင်ရမည်။

(က) အဆိုပါ စည်းကမ်း ဥပဒေများအရ၊ မော်လမြိုင် မြူနီစီပါယ်အဖွဲ့က သုံးစွဲဆောင် ရွက်ရ မည့် အာဏာများကို၊ သို့တည်းမဟုတ် အလုပ်ဝတ္တရားများကို အဖွဲ့က နည်းဥပဒေအရ သုံးစွဲဆောင် ရွက်ရမည်၊ ထို့ပြင်

(ခ) အဆိုပါ စည်းကမ်းဥပဒေများအရ၊ အခြားအာဏာပိုင်များက သုံးစွဲဆောင်ရွက်ရမည့် အာဏာ များ ကိုသို့တည်းမဟုတ် အလုပ်ဝတ္တရားများကို အဖွဲ့ကခန့်ထားသည့် အာဏာပိုင်များက သုံးစွဲဆောင် ရွက်ရမည်။

၂၇။ ။ အဖွဲ့သည်မြူနီစီပါယ် အက်ဥပဒေအရ ဖွဲ့စည်းထားသည့် ကော်မီတီဖြစ်ဘိသကဲ့သို့၊ မြူနီစီပါယ် အက်ဥပဒေပုဒ်မ ၂၄၂ ပါပြဋ္ဌာန်းချက်များနှင့်အညီ၊ မိမိရရန်ရှိသည့် မပြေကျန်ငွေများကို အရ တောင်း ယူနိုင်ရမည်။

၂၈။ ။ အုပ်ချုပ်ရေး အရာရှိချုပ်နှင့် အခြားဈေးအရာရှိတို့က ချမှတ်သောအမိန့်များကို အဖွဲ့သို့အယူခံဝင် နိုင်သည်။ အဖွဲ့ကချမှတ်သော အမိန့်များကို နိုင်ငံတော် သမတထံသို့အယူခံဝင်နိုင်သည်။

အမိန့်အရ၊

ဘလတ်၊

တွဲဘက်အတွင်းဝန်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊

ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေးဝန်ကြီးဌာန။

Myanmar Law Information System (MLIS)